ခင်မင်လေးစားရပါသော DeKalb ကောင်တီ ခရိုင်ကျောင်း အသိုင်းအဝိုင်းသို့၊

ယနေ့ကျွန်ုပ်သည် Lithonia အထက်တန်း ကျောင်းမှ ထက်မြက်သော ကျောင်းသားငယ် တစ်ဦးအား ဆုံး ရှုံး လိုက်ရခြင်း အတွက် ဝမ်းနည်းကြေကွဲ စွာ ညှိုးငယ်သောစိတ်နှလုံး ဖြင့် အကြောင်းကြားအပ်ပါသည်။ ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းကိုဆက်လက် ကူးစက်စေသည့် အသိတရားမဲ့ အကြမ်း ဖက်မှုသည် ကျွန်ုပ်တို့၏ ချက်ချက်းအာရုံစိုက်မှုနှင့် အရေးယူဆောင်ရွက်မှုကို တောင်းဆိုသည့် အရေးပေါ်အခြေအနေတစ်ခု ဖြစ်သည်။ ကျွန်ုပ်တို့ မသိကျိုးကျွန်ပြုလို့မရနိုင်တော့ပါ၊ ပြောင်းလဲရန်အချိန်တန်ပြီ ဖြစ်သည်။

ကျွန်ုပ်တို့ ၏လူထုအသံသည် စနစ်ကျသော ပြောင်းလဲမှုကိုဖော်ဆောင် ရာတွင် ကြီးမားသောအခွင့်အာဏာကို ရရှိထားပြီး ၎င်းကိုကျွန်ုပ်တို့အသိအမှတ်ပြု ပြီး ထိထိရောက်ရောက်အသုံးချရမည်ဖြစ် ပါသည်။ ကျွန်တို့သည် DeKalb ကောင်တီတစ်လျှောက်တွင် အတူတကွ ပေါင်းစည်းပြီး ရပ်တန်းကရပ်ပါ ဟုကျယ်လောင်သော အသံတစ်ခုဖြင့် ကြေငြာရန် လိုအပ်ပါသည်။  ကျွန်ုပ်တို့သည် အကြမ်းဖက်မှု၏ ချုပ်ကိုင်မှုမှ ကျွန်ုပ်တို့၏အသိုင်းအဝိုင်းကို ပြန်လည်ရ ယူပြီး ၎င်းတို့အားကျွန်ုပ်တို့၏ကလေးများအတွက် လုံခြုံစိတ်ချရသောနေရာအဖြစ် တည်ဆောက်ရမည် ဖြစ်သည်။

နိုင်ငံရေး၏သဘောထားကွဲလွဲစေသော လုပ်ထုံးလုပ်နည်းအစီအစဉ်ကို ဘေးဖယ်ထားပြီး အမှန်တကယ်အရေးကြီးသည့် ကျွန်ုပ်တို့ကလေး များ၏ ဘေးကင်းမှု နှင့် ကျန်းမာခြင်း ကိုအာရုံစိုက်ဖို့ရန် အလို့ငှာတိုက်တွန်းအပ်သည်။ ပြည်တွင်းရော ပြည်ပပါ တိုးတက်မှုကိုနှောင့်နှေးစေဖို့ရန်အလို့ငှာ ကြိုးပမ်းသည့် ထင်ရှားသော ပု ဂ္ဂိုလ်များထံမှ ဝေးဝေးပြောင်းရွှေ့ရမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အများပြည်သူလက်ခံသည့် ရည်မှန်းချက်တစ်ခုဆီသို့ အတူတကွပူပေါင်းဆောင်ရွက်ကာ ကိုယ်ပိုင်လုပ်ငန်းစဉ်များထက် ပိုမိုကောင်းမွန် သောကောင်းကျိုးများကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။

ယင်းကိုအောင်မြင်စွာ စွမ်းဆောင်ရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် ကျွန်တို့၏ ကျောင်းများ နှင့် ဗဟို ရုံးတွင် ဝန်ထမ်းများ အပြည့်အဝထားရှိပြီး ကလေး အားလုံး ၏နေ့စဉ်လိုအပ် ချက်ကို ဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိသော အရင်းအမြစ်များနှင့် ပံ့ပိုးမှုများအားရရှိထား ကြောင်းသေချာစေရန် လိုအပ်ပါသည်။ ပညာသင်ကြားနေစဉ်အတွင်း ကလေးသူငယ်များသည် အကြမ်းဖက်မှု အ န္တရာယ် နှင့်ရင်ဆိုင်ရမည် မဟုတ်ပေ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကျောင်းသူကျောင်းသားများကို ကာကွာစောင့်ရှောက်ရန် နှင့် ပြုစုပျိုးထောင်ရန် လိုအပ်လျက်ရှိသည့် အရာဟူသမျှကို ပိုမိုကောင်းစွာ ဆောင်ရွက်ရမည်ဖြစ်သည်။

သို့သော်ငြားလည်း ကျွန်ုပ်တို့သည် မိမိကိုယ်ကို ဆင်ခြင်သုံးသပ်မှုတွင် ပါဝင်သင့် ပါသည်။ ကျွန်ုပ်တို့သည် ဤအသိတရားမဲ့သတ်ဖြတ်မှု ကိုဆက်လက်တည်မြဲစေမည့် ဥပေ က္ခာ ပြုယဉ်ကျေးမှုကိုပါဝင်အကြံပြုရန် ကျွန်ုပ်တို့သည် မည်သည့်အရာကိုပြုလုပ်ခဲ့သနည်း သို့မဟုတ် မည်သည့်အရာကို မပြုလုပ်ခဲ့ ရသနည်း ဟုမှန်ထဲတွင်ကိုယ့်ကိုယ်ကိုယ်ကြည့်ပြီး မေး ရန်လိုအပ် ပါသည်။ ဤအကြောင်းကို စွကိုအခြားသူတစ်ဦး၏ ပြသနာအဖြစ် ကျွန်ုပ်တို့ ဆက်လက် ၍မပယ် ချနိုင်ပါ။

ကျွန်ုပ်တို့၏ စုပေါင်းတာဝန်မှာ ကျွန်ုပ်တို့၏ကလေး များအတွက် အ န္တရာယ်ကင်းသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးရန်ဖြစ်ပြီး ကျွန်ုပ်တို့တစ်ဦးတယောက်စီမှ စတင်ရန် လိုအပ် ပါသည်။  ကျွန်ုပ်တို့အတူတကွလက်တွဲကြခြင်း၊ ကျွန်ုပ်တို့၏ အတိတ်ကအအဖြစ်အပျက်ကို သုံးသပ်ဆင်ခြင်ခြင်း၊ အများပြည်သူ ရည်ရွယ်ချက် တစ်ခုအတွက် ပေါင်းစည်းပြီး လူမှုအသိုင်းအဝိုင်းအဖြစ် တိုးတက်ပြောင်းလဲဖို့ရန်အလို့ငှာ တိုက်တွန်းအပ်ပါသည်။ ကျွန်ုပ်တို့ အတူတကွကြိုးပမ်းအားထုတ် ခြင်းအားဖြင့်သာလျှင် ဤအကြမ်းဖက်မှု၏ သံသရာကို အဆုံးသတ်နိုင်မည် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကလေးများသည် ပို ၍ကောင်းမွန်သောအရာ ကိုရရှိရန် ထိုက်တန်ပြီး ၎င်းတို့အားပိုမိုတောက်ပပြီး အ န္တရာယ်ကင်းသော အနာဂတ်ကို ဖန်တီးရန်ဖို့ အလို့ငှာ ကျွန်ုပ်တို့တွင်ဝ တ္တရားရှိပါသည်။

နိဂုံးချုပ်အနေဖြင့်၊ ကျွန်ုပ်တို့ မစ်ရှင်၏အနှစ်သာရအချုပ်ကို ဖော်ပြသည့် ကိုးကာချက်တစ်ခု နှင့် သင့်အားကျွန်ုပ်ထားခဲ့သည်- "*ဆင်ခြင်သုံးသပ်ခြင်း၊ အတူတကွပေါင်းစည်းခြင်း၊ နှင့် တိုးတက်ပြောင်းလဲမှုဟူသ မျှသည် အများကောင်းကျိုးအတွက် ဖြစ်သည်*."
စည်းစည်းလုံးလုံးရပ်တည်ခြင်းဖြင့်ပခုံးချင်းယှဉ်ပြီး ကျွန်ုပ်တို့၏ ကလေးများအား အကြောက်တရား ကင်းစွာ ရှင်သန်နိုင်သည့် အနာဂတ်ဆီသို့ ဦးတည်ကြရန်အလို့ငှာတိုက်တွန်းအပ်ပါသည်။

အတူတကွ ပြောင်းလဲမှုကို လုပ်ဆောင်နိုင်ခြင်းဖြင့်၊

Dr. Devon Q. Horton, *ကြီးကြပ်ရေးမှူး*

DeKalb ကောင်တီ ခရိုင်ကျောင်းနယ်မြေ